# လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားပေးရန် ကြီးမားသောအခွင့် အလမ်းများ ဖန်တီးပေးနိုင်ကြောင်း အိုအီးစီဒီဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အစီရင်ခံစာသစ်ကဆို

ရန်ကုန် – ၂၃/၀၆/၂၀၁၆။ ။ အိုအီးစီဒီဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၏ "ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ချက် – စိတ်ဖြာလေ့လာချက်မှလုပ်ဆောင်ချက်သို့" အစီရင်ခံစာသစ်မှ မြန်မာနိုင်ငံရှိလယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားပေးသည့်စက်အင်ဂျင်တစ်ခုအဖြစ် အသွင်ပြောင်းရန်နှင့် သန်းချီရှိသောကျေးလက်တောနယ်များမှနွမ်းပါးသူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရန်တို့အတွက် လုပ်ဆောင်ရန်အချက်များကို အသေးစိတ်တင်ပြထားသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် သန်းပေါင်းများစွာအားကောင်းလှသည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ဈေးကွက်များသို့ အဆင့်မြင့် ထုတ်ကုန်များကို တင်ပို့ဖြန့်ဖြူးခြင်းဖြင့် မြန်မာနိုင်ငံအတွက် အရှေ့တောင်အာရှ၏ ဆန်အိုးဟု တင်စားခံရသည့် ၎င်း၏သမိုင်းဝင်အခန်းသို့ပြန်ရောက်နိုင်စေရန် အထူးကောင်းမွန်သည့် အခွင့်အလမ်းများဖန်တီးပေးနေသည်ဟု ရန်ကုန်မြို့၌ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာတွင် အိုအီးစီဒီ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၏ နိုင်ငံအလိုက် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ရေးဌာန၏ ဦးစီးဖြစ်သော ဂျန် ရီလန်ဒါ(Jan Rielaender)က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းဝင်နိုင်ငံရေးအကူးအပြောင်းကာလနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs)ဆိုင်ရာ ကမ္ဘာတလွှားသဘောတူညီချက်တို့နှင့်အညီ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာထွက်စားသောက်ကုန်များကဲ့သို့ စီးပွားရေး၏ အချက်အချာကျသောကဏ္ဍများကို ဦးတည်လုပ်ဆောင်ရန် အရေးပါသောအခွင့်အလမ်းကောင်းများနှင့် ရင်ဆိုင်လျက်ရှိသည်။ ဤကဲ့သို့ကဏ္ဍများရှိ ပိုမိုတက်ကြွ၍ အရာရောက်သော လုပ်ရှားမှုများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံ၏ တန်ဖိုးကွင်းဆက်များကို မြင့်တက်စေခြင်း နှင့် ချိတ်ဆက်များ တည်ဆောက်ပေးခြင်း၊ စိုက်ပျိုးရေးမဟုတ်သောကဏ္ဍများသို့ တိုးချဲ့ခြင်းတို့တွင် အထောက်အကူပြုခြင်းအားဖြင့် နိုင်ငံ၏စီးပွားရေးကို နှိုးဆွပေးနိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဤအစီရင်ခံစာ၏အဆိုအရ မြန်မာနိုင်ငံသည် ၎င်း၏လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ အဖိုးတန်ပိုင်ဆိုင်မှုများကို အထိရောက်ဆုံးသုံးစွဲမှုနှင့် အလွန်ဝေးကွာလျက်ရှိနေသေးသည်။ ဥပမာ – လယ်ယာများ၏၅၅ % မှာ ၂ဟက်တာအောက်သာရှိသည့် အလွန်သေးငယ်သောလယ်ကွက်များသာဖြစ်သည်။ မြန်မာနိုင်ငံမှ အဆင့်မြင့်နိုင်ငံခြားပို့ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် အဓိကအခြေခံအဆောက်အအုံ၊ ရင်းနှီး မြှုပ်နှံမှုနှင့် နားလည်ကျွမ်းကျင်မှုကဏ္ဍများမှာ အားနည်းလျက်ရှိနေသေးသည်။

လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာထွက်စားကုန်လုပ်ငန်းတို့အား ဦးတည်အရေးပေးလုပ်ဆောင်မှုသည် အတိတ်၌ ကိုရီးယားကဲ့သို့ အခြားနိုင်ငံများ၏တိုးတက်ဖွံ့ဖြိုးမှုအတွက် အောင်မြင်သောမဟာ

ဗျူဟာတစ်ခု ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း ပစ်မှတ်ထားလုပ်ရပ်များ၊ ဦးတည်သတ်မှတ်ထားသောရင်းနှီးမြှုပ်နှံမှုများနှင့် ပြုပြင်ပြောင်းလဲမှုများမှတဆင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုကြွယ်ဝချမ်းသာစေရေးအတွက်လိုအပ်သော ဖွံ့စည်းပုံဆိုင်ရာအသွင်ကူးပြောင်းမှုကို စတင်အသက်သွင်းနိုင်သည်။

ဤအစီရင်ခံစာပြုစုသူများက မြန်မာနိုင်ငံသည် ၎င်း၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကို အကောင်အထည်ဖော်ရန်အတွက် ၎င်း၏ပိုင်ဆိုင်မှုများကို အပြည့်အဝအကျိုးအရှိဆုံးအသုံးချရန် လိုအပ်သည်ဟုလည်း လေ့လာသုံးသပ်ကြပါသည်။ လူများကို ကျွမ်းကျင်မှုများ၊ အသိပညာ၊ အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အင်အားဖြည့်ဆည်းပေးခြင်းသည်လည်း တန်းတူပင် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။

အိုအီးစီဒီဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့်တကွ မြန်မာနိုင်ငံရှိပါဝင်သက်ဆိုင်သူများက လယ်ယာစိုက်ပျိုးရေးတွင် ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်အားပေးနိုင်သည့် အဓိကဦးစားပေးကဏ္ဍ(၆)ခုကို သတ်မှတ်ခဲ့ပါသည်။

- အရည်အသွေးမှတဆင့် တန်ဖိုးဖန်တီးခြင်း
- ပညာရေးနှင့်သုတေသန အားပေးမြှင့်တင်ခြင်း
- လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာရေးကို ခေတ်မီအောင်ပြုပြင်ခြင်း
- လယ်ယာမြေပိုင်ဆိုင်ခွင့်များ ပိုမိုအားကောင်းလာစေခြင်း
- အတူပါဝင်ဆောင်ရွက်ရေးဆွဲသည့်မူဝါဒစနစ် အသုံးပြုခြင်း
- ရွှေ့ပြောင်းမှုများ စီမံခန့်ခွဲခြင်း

သတင်းမီဒီယာဆိုင်ရာ မေးမြန်းလိုသည်များရှိပါက အိုအီးစီဒီဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှ မီဒီယာဌာနခွဲ (+ ၃၃ ၁ ၄၅ ၂၄ ၈၂ ၉၆, Bochra.Kriout@oecd.org) သို့ ဆက်သွယ်ရန်။

နိုင်ငံအလိုက် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ချက်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုသည်များကို http://www.oecd.org/dev/mdcr.htm တွင် ကြည့်ရှုပါရန်။